မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ
December 12 , 2024 Volume 85 , Number 9

၁၂.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၆.၄၇ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၀၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၉.၂၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၄,၆၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၆၁ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးစျေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေးစျေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။ မန္တလေး စျေးကွက်အတွင်း၌ မြင်းခြံဘက်မှ ကြက်သွန်နီများ အရည်အသွေးကောင်းမွန်သည့်အတွက် ဒီဇင်ဘာလ ပထမပတ်မှစ၍ ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းစျေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားလာကြောင်း သိရသည်။ “မန္တလေးစျေးကွက်ထဲမှာ အခုလက်ရှိမြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများဝယ်ယူနေကြတယ်။ ပြည်တွင်းစျေးကွက်ထဲမှာ မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေ အခုလတ်တလောအရောင်းအဝယ် ပြန်ကောင်းမွန်နေပါတယ်”ဟု အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးစျေးကွက်အတွင်း ယနေ့ပေါက်စျေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ခန့်ထိ ပေါက်စျေးရှိကြောင်း သိရသည်။ “မန္တလေးစျေးကွက်ထဲ မြင်းခြံအပြင် တောင်သာနဲ့ပခုက္ကူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေ အဝင်များပါတယ်။ အခုလတ်တလောမှာတော့ မြင်းခြံဘက်က ကြက်သွန်နီမှာ မန္တလေးစျေးကွက်ထဲ အရောင်းအဝယ်အကောင်းဆုံး အနေအထားမှာရှိပါတယ်။ ပခုက္ကူနဲ့ တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်”ဟု အောင်ကြက်သွန်နဲ့အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရှိရသည်။

**Source: ရတနာပုံသတင်းစာ Myantrade.gov.mm**

## ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း ထိုင်းဘောကျားစပါး တင်းရေ ၈၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း ထိုင်းဘောကျားစပါး တင်းရေ ၈၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်ကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ထိုင်းဘောကျားစပါး တင်းရေ ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ထိုင်းဘောကျားစပါးတင်းရေ ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို ထိုင်းဘောကျားစပါးတင်းရေ ၈၃,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ထိုင်းဘောကျားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာ ပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်စျေးကွက် ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ဆန်၊ စပါးစျေးကွက်မှာ ထိုင်းဘောကျားစပါးအမျိုးအစားက အဝယ်လိုက်နေတာပါ" ဟု ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်ကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘောကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၀,၀၅,၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

**Myantrade.gov.mm**

TIR

## ကန့်ဘလူမြို့နယ်၏ ရာသီစာ မုန်လာဥဖြူ စျေးနှုန်း၊ စျေးကွက်အခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး ရာသီပေါ်သီးနှံများနှင့် စားဖိုဆောင်သီးနှံများကိုလည်း စိုက်ပျိုးကြသည်။

ယခုအခါ ကန့်ဘလူမြို့နယ်အတွင်းရှိ နတ်ပေးကျေးရွာ၊ တောကျရုပ်ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်များတွင် မုန်လာဥဖြူများ စိုက်ပျိုးကြကြောင်း၊ ထွက်ရှိသည့် မုန်လာဥဖြူများကို ကန့်ဘလူမြို့မစျေးတွင် ရောင်းချ ကြောင်း ၊ ဒီဇင်ဘာလပထမပတ်အတွင်း မုန်လာဥဖြူ (အကြီး) (၄)ဥပါ တစ်တွဲလျှင် ၇၀၀ ကျပ်၊ မုန်လာဥဖြူ (အသေး) (၄)ဥပါ တစ်တွဲလျှင် ၄၀၀ ကျပ်ဖြင့်ရောင်းချကြောင်း၊ ရာသီစာ ဖြစ်သည့်အတွက် မုန်လာဥဖြူများ ရောင်းအား ကောင်းလျက်ရှိကြောင်း မြို့မစျေးရှိကုန်စိမ်းရောင်းချသူတစ်ဦးထံမှ သိရသည်။

**Source: DOCA(စစ်ကိုင်း)**

## မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ပဲယဉ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ပဲကြီး၊ တိုင်ထောင်ပဲ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲယဉ်း စသည့် ပဲမျိုးစုံကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပြီး ပဲယဉ်းသီးနှံကို ပခမ်း၊ ကျီတိုင်၊ နွားကူးလေးနှင့် ခင်လည်ကျေးရွာတို့၌ ၅၁၈ ဧကခန့် စိုက်ပျိုးထားကြောင်းသိရသည်။ ပဲယဉ်းသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး လေးလအကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲယဉ်းသီးနှံမျိုးအနေဖြင့် ပဲယဉ်းကြီးမျိုးနှင့်ပဲယဉ်းသေးမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးတစ်ပြည်ကျော် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထယ်ထိုး၍ မျိုးစေ့ကို ကြဲပတ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်မှာ မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၂၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၂၅-၃၀ တင်းခန့်ထွက်ရှိပြီး ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၄၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ် ၁၀ သိန်းကျော် အမြတ်ရရှိခဲ့ကြောင်းသိရသည်။ ဒီဇင်ဘာလ ဒုတိယပတ်တွင် ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၉၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ မြစ်သားမြို့ပေါ်ရှိ သီးနှံပွဲရုံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုအချိန်တွင် ပဲယဉ်းသီးနှံစိုက်ခင်းများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ကာ ဈေးကောင်းရရှိပါက အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း၊ ပဲယဉ်းသီးနှံမှာ စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် ပဲယဉ်းသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

**Myantrade.gov.mm**

## ကန့်ဘလူမြို့၏ ခရမ်းချဉ်သီးနှင့်အာလူးသီး ဈေးနှုန်းဈေးကွက်အခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ကန့်ဘလူမြို့နယ်တာဝန်ခံရုံးသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ စားသုံးသူများနေ့စဉ်ဝယ်ယူသုံးစွဲလျက်ရှိသည့် အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်း၊ ဈေးကွက်အခြေအနေများကို လေ့လာ၍ အပတ်စဉ်၊လစဉ်အထက်အဆင့်ဆင့်သို့တင်ပြဆောင်ရွက်လျက်ရှိသည်။

စားသုံးသူများ နေ့စဉ်ဝယ်ယူအသုံးပြုလျက်ရှိသည့် ခရမ်းချဉ်သီးနှင့် အာလူးသီးများကို ရှမ်းပြည်နယ်၊ အောင်ပန်းမြို့မှတစ်ဆင့် ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့နှင့်ကန့်ဘလူမြို့များရှိ လက်ကား ကုန်သည်များမှတစ်ဆင့် ကန့်ဘလူခရိုင်အတွင်းရှိ လက်လီအရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် ဒေသထွက်ခရမ်းချဉ်သီးများကိုလည်း ရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ ပထမပတ်အတွင်း ကန့်ဘလူမြို့မဈေးတွင် ခရမ်းချဉ်သီး ၂၅ ကျပ်သားလျှင် ငွေကျပ် ၂၀၀၀၊ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၊ အာလူးသီးတစ်ပိဿာလျှင် ငွေကျပ်၇၂၀၀ ဖြင့် ရောင်းချကြောင်း၊ ယခင်အပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးနှုန်းကျဆင်း၍ အာလူးသီးတစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ဈေးနှုန်းကျဆင်းပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

**Source: DOCA(စစ်ကိုင်း)**

## ပြည်ပအလုပ်အကိုင်အေဂျင်စီများကို စိစစ်မည်



ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအနေဖြင့် နိုင်ငံအလိုက် စေလွှတ်ထားသည့် အလုပ်သမားများထံမှ ပြည်တွင်းသို့ ငွေပြန်လွှဲခြင်း၊ ရှိ/မရှိကို အလုပ်သမားဝန်ကြီးဌာနက စစ်ဆေးမည်ဖြစ်ကြောင်း အေဂျင်စီများက ပြောသည်။

ယင်းသို့စစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၆ ရက်နေ့ကစတင်ပြီး စစ်ဆေးမည်ဖြစ်ကာ ဒီဇင်ဘာ ၂၇ ရက်အထိ တစ်ရက်လျှင် အေဂျင်စီ ငါးဆယ်နှုန်းကို ခေါ်ယူစစ်ဆေးမည်ဟု သိရသည်။

စာရင်းများအရ ၂၀၂၄ ခုနှစ် မေလမှသြဂုတ်အထိ လေးလအတွင်း ပြည်ပအလုပ်အကိုင် အေဂျင်စီ ၄၂၉ ခုမှ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ လာအိုနှင့် အရှေ့အလယ်ပိုင်း နိုင်ငံတချို့ကို အလုပ်သမား ၅၆,၈၆၀ ဦး စေလွှတ်ထားကြောင်းလည်း သိရသည်။

ထိုကဲ့သို့ နိုင်ငံပြင်ပကို တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူများအနေဖြင့် လုပ်ခလစာ၏အနည်းဆုံး ၂၅ ရာခိုင်နှုန်းသို့ သုံးလစာ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကို တရားဝင် ငွေလွှဲစနစ်ဖြင့် ငွေလွှဲရန်လည်း အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားခြင်း ဖြစ်သည်။

ထို့အပြင် ပြည်ပရောက် အလုပ်သမားများ၏ မိသားစုလွှဲပို့ငွေ အထောက်ထားများကို အထောက်အထားရရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ခံပြီး ၅ ရက်အတွင်း မပျက်မကွက် ပုံမှန်ပေးပို့ရန် အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လက်ရှိတွင် စေလွှတ်လချုပ်စာရင်းများ ပေးပို့ရန်ကျန်ရှိနေသည့် အေဂျင်စီနှစ်ရာကျော်ခန့်ရှိနေဆဲဖြစ်ပြီး ပေးပို့ရန်ကျန်ရှိနေသည့် အေဂျင်စီများအနေဖြင့်လည်း အမြန်ဆုံးပေးပို့ရန်လည်းဆိုသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မိသားစုလွှဲပို့ငွေ အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကို အရေးယူနေကာ အချိန်မီပေးပို့ခြင်းမရှိပါက ဒဏ်ကြေးပေးဆောင်ရမည့်အပြင် အလုပ်ခေါ်စာ (Demand Letter) အသစ် တင်ပြခွင့်ဆိုင်းငံ့ခံရမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ထားသည်။

**Source: popularmyanmar.com**

## ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန် မက်ထရစ်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့သွားရန် ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လျာထားခဲ့

၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့် ဆန်မက်ထရစ်တန်ချိန် ၇ ဒသမ ၅ သန်းတင်ပို့ရန် ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လျာထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်း ဆန်တင်ပို့သည် ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး မက်ထရစ် တန်ချိန် ၉ ဒသမ ၂၇ သန်းသို့ ရောက်ရှိခဲ့သဖြင့် မက်ထရစ်တန်ချိန် ၁၀ သန်းသို့ရောက်ရှိနိုင်သောကြောင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဘီလီယံ ရရှိနိုင်ကြောင်း၊ ယင်းသို့ တိုးတက်ရခြင်းမှာ တင်သွင်းသူများက ခရစ္စမတ်၊ နှစ်သစ်ကူးနှင့် တရုတ်နှစ်ကူးကာလများအတွက် ဝယ်လိုအားကို ပြည့်မီနိုင်ရေး အတွက် ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်ဝယ်လိုအားကို ပြည့်မီရန် ဆန်ထုတ်လုပ်မှု လုံလောက်ပြီး နိုင်ငံ၏ပို့ကုန်စွမ်းဆောင်ရည်ခိုင်မာမှုကြောင့် တင်သွင်းသူများထံ စဉ်ဆက်မပြတ် ပေးပို့နိုင်ပါကြောင်း၊ ယခုနှစ်သည် ဆန်ပို့ကုန်ပမာဏ မက်ထရစ်တန်ချိန် ၁၀ သန်းသို့ ရောက်ရှိနိုင်သဖြင့် ဆန်ပို့ကုန်အတွက် ရွှေရောင်နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ ပို့ကုန်ပမာဏ တိုးတက်လာသဖြင့် ပျမ်းမျှဆန်ဈေး (Free on Board –FOB) ဈေးနှုန်းမှာလည်း မြင့်တက်လာပါကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Mrs. Arada Fuangtong က ပြောကြားခဲ့ပါသည်။

အဓိကပို့ကုန်ဈေးကွက်များတွင် အင်ဒိုနီးရှား၊ အီရတ်၊ တောင်အာဖရိက၊ အမေရိကန်နှင့်ဖိလစ်ပိုင်တို့ပါဝင်ပါကြောင်း၊ အိန္ဒိယ

၏ ဆန်ဖြူတင်ပို့မှု ပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် လာမည့်နှစ် ဆန်ပို့ကုန်လျာထားချက်ကို လျှော့နည်းသတ်မှတ်ထားပါကြောင်း၊ အိန္ဒိယသည် ဆန်ထုတ်လုပ်နိုင်မှု စွမ်းဆောင်ရည်ကောင်းရှိပြီး ဆန်တင်ပို့မှုယာယီပိတ်ထားခဲ့ခြင်းကြောင့် ဆန်လက်ကျန်ပမာဏများပြားနိုင်ပါကြောင်း၊ မိုးခေါင်မှုအခြေအနေ သက်သာလာပြီး စိုက်ပျိုးမှုအတွက် ရေရရှိမှုမြင့်တက်လာနိုင်သဖြင့် ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည်လည်း မြင့်တက်လာနိုင်သောကြောင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် ယှဉ်ပြိုင်မှုပြင်းထန်နိုင်ကြောင်း Mrs. Arada က ဖြည့်စွက်ပြောကြားခဲ့သည်။

လာမည့်နှစ်တွင် ဦးစီးဌာနအနေဖြင့် အဓိကကုန်သွယ်ရေးမိတ်ဖက်များနှင့် ထိုင်းဆန်တင်ပို့မှုမြှင့်တင်နိုင်ရေးအတွက် ဆက်ဆံရေးပိုမိုခိုင်မာစေရန်နှင့် ထိုင်းဆန်အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဈေးကွက်ချဲ့ထွင်ရေးအတွက် အရေးကြီးဆွေးနွေးမှုများ ဆောင်ရွက်သွားရန်လျာထားပါကြောင်း၊ ဆန်တင်ပို့မှု ၁၂ ရာခိုင်နှုန်းကျဆင်းသွားခဲ့သော တောင်အာဖရိကနှင့်ဆွေးနွေးသွားရန်နှင့် စပယ်ဆန်ကို ပိုမိုကြိုက်နှစ်သက်သော အမေရိကန် Hispanic အသိုက်အဝန်းသို့ Hom mali ဆန် တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနှင့်တရုတ်တို့နှင့် ဆန်ကုန်သွယ်မှုညှိနှိုင်းရေးကို အရှိန်မြှင့်တင်နေစဉ်တွင် ကနေဒါနှင့်ဖိလစ်ပိုင်တို့နှင့် အစိုးရမှအစိုးရသို့ မူဝါဒများအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mrs. Arada က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ယခုနှစ် ပထမ ၁၀ လအတွင်းဆန် မက်ထရစ်တန်ချိန် ၈ ဒသမ ၃၅ သန်းတင်ပို့ခဲ့ပြီး ဘတ် ၁၉၁ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ ဆန်ဖြူသည် ထိပ်တန်းပို့ကုန်ဖြစ်ပြီး Hom mali၊ ဆန်ပျော့၊ ရနံ့ပါဆန်၊ ကောက် ညှင်းဆန်နှင့် ဆန်လုံးညို အသီးသီးဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com ၊**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

## အိန္ဒိယလျှပ်စစ်သုံးမော်တော်ယာဉ်ဈေးကွက်တွင် ဒေလီ ထိပ်ဆုံးမှရပ်တည်လျက်ရှိ

အိန္ဒိယနိုင်ငံတွင် လျှပ်စစ်သုံးမော်တော်ယာဉ်အသုံးပြုမှု တိုးတက်လျက်ရှိပြီး ဒေလီ (Delhi) သည် စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ထိုးဖောက်အသုံးပြုမှုနှုန်း (EV penetration rate) ၏ ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း FICCI-Yes ဘဏ်၏ အစီရင်ခံစာအရသိရသည်။ ၎င်းနောက်တွင် Kerala ပြည်နယ်က ၁၁ ဒသမ ၁ ရာခိုင်နှုန်း၊ အာသံပြည်နယ်က ၁၀ ရာခိုင်နှုန်းဖြင့် အသီးသီးရပ်တည်လျက်ရှိကာ ဘီးနှစ်လုံးတပ် လျှပ်စစ်သုံးယာဉ်နှင့်ဘီးသုံးလုံးတပ် လျှပ်စစ်သုံးယာဉ်များအသုံးပြုမှု သိသိသာသာတိုးတက်လျက်ရှိကြောင်း သိရသည်။ ၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း Gujarat၊ Odisha၊ Kerala နှင့် Punjab ပြည်နယ်တို့တွင် နှစ်အလိုက် လျှပ်စစ်သုံးမော်တော်ယာဉ် ရောင်းချရမှုနှုန်း (compound annual growth rates- CAGR) အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာတွင် ၂၀၂၄ ဘဏ္ဍာနှစ်၏ လျှပ်စစ်သုံးမော်တော်ယာဉ်အသုံးပြုမှုစုစုပေါင်း၏ ထက်ဝက်ကျော်အသုံးလျက်ရှိသော ပြည်နယ် ၅ ခုအမည်ကိုဖော်ပြခဲ့ပြီး၊ လွန်ခဲ့သော ၄ နှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံတစ်ဝှမ်း၌ လျှပ်စစ်သုံးမော်တော်ယာဉ်ရောင်းချရမှု ပိုမိုညီမျှမှုရှိလာကြောင်း ဖော်ပြထားသည်။ နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော ဖန်လုံအိမ်ဓာတ်ငွေ့ အသားတင်ထုတ်လွှတ်မှု သုညအဆင့်သို့ လျှော့ချရေးရည်မှန်းချက်များ (net-zero emissions targets) ကို ပြည့်မီရန် ပြည်နယ်များအနေဖြင့် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိရာ လျှပ်စစ်သုံးမော်တော်ယာဉ်များ ပြောင်းလဲအသုံးပြုကြရန် အရေးကြီးကြောင်း သိရသည်။

အဆိုပါ အမျိုးသားရေး ရည်မှန်းချက်များပြည့်မီစေရန် လက်ရှိလျှပ်စစ်သုံးမော်တော်ယာဉ် အသုံးပြုမှုနှုန်းကို နှစ်ဆမြှင့်တင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်အထိ ပြည်နယ်အလိုက်လျှပ်စစ်သုံး မော်တော်ယာဉ်အသုံးပြုမှုဆိုင်ရာ မူဝါဒများကို ပြင်ဆင်သတ်မှတ်သွားရန်လိုအပ်ကြောင်း အဆိုပါအစီရင်ခံစာမှ တိုက်တွန်းထားသည်။ ထို့ပြင် အများပြည်သူသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်သုံးမော်တော်ယာဉ်အသုံးပြုမှု တိုးမြှင့်သွားရန် မဖြစ်မနေလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံရှိ ပြည်နယ်အများစုတွင် လျှပ်စစ်သုံးမော်တော်ယာဉ်ဆိုင်ရာ မူဝါဒများမှာ သက်တမ်းကုန်ဆုံးလုနီးပါး ဖြစ်နေ

သည့်အတွက် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် အသုံးပြုမှုတိုးတက်စေရန် တည်ငြိမ်၍ရေရှည်တည်တံ့သော မူဝါဒဆိုင်ရာမူဘောင်များ ချမှတ်လုပ်ဆောင်ရန်လိုကြောင်းဖော်ပြထားသည်။ လျှပ်စစ်သုံးမော်တော်ယာဉ်ကဏ္ဍတိုးတက်ရေးနှင့် ဓာတ်အားပြန်လည်သွင်းယူနိုင်သည့် အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် လိုအပ်သောဘဏ္ဍာငွေကြေးရရှိမှုကို ပြည်နယ်များမှ ထောက်ပံ့ကူညီပေးရန်လည်း အစီရင်ခံစာမှ တောင်းဆိုထားကြောင်း သိရသည်။

**Source:** **The Trade Promotion Council of India, Delhi tops India's growing EV market, report reveals, December 5, 2024**

**စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့။**

## ဂျာမနီတွင် ချောကလက်ဈေးနှုန်းများ စံချိန်တင်မြင့်မားနေသော်လည်း ဂျာမန်လူမျိုးများ ချောကလက်ကို မစွန့်လွှတ်နိုင်

စံချိန်တင်မြင့်မားခဲ့သော ကမ္ဘာ့ကိုကိုးဈေးသည် ဂျာမနီ၏ ချောကလက်ဝယ်လိုအားကို ၂၀၂၄ ခုနှစ်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ လျော့ကျစေခဲ့ကြောင်း ယခုနှစ် (၂၀၂၄ခုနှစ်) ၏ ပထမ (၉)လ ပတ်သက်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့်အတူ National Statistics Agency (Destatis) က ၃-၁၂-၂၀၂၄ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

အထူးသဖြင့် အာဖရိကအနောက်ပိုင်းတွင် သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ သဘာဝတင်ခ ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ချောကလက်ပြုလုပ်ရာတွင် အရေးကြီးဆုံး ကုန်ကြမ်းဖြစ်သည့် ကိုကိုးစေ့ဈေးနှုန်းများမြင့်တက်လာခြင်းတို့ကြောင့် ယခုနှစ် ချောကလက်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ် နှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားကြောင်း သိရသည်။

သို့သော် ဂျာမနီတွင် မကြာသေးမီနှစ်များကပင် ချောကလက်ဈေးနှုန်းများ မြင့်တက်နေသော်လည်း လူတစ်ဦးချင်းစီ၏ ချောကလက်စားသုံးမှုသည် မြင့်မားနေဆဲဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ဂျာမန်နိုင်ငံသား (၁)ဦးသည် ပျမ်းမျှတစ်နှစ်လျှင် ချောကလက် (၉)ကီလိုဂရမ်(ပေါင်၂၀ ခန့်) စားသုံးကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် (၁၀) ကီလိုဂရမ်နီးပါးအထိ စားသုံးကြကြောင်း ဖော်ပြထားပါသည်။ အထူးသဖြင့် ဂျာမနီတွင် အားလပ်ရက်ရာသီဖြစ်သော ခရစ္စမတ်မတိုင်မီ အကြို တနင်္ဂနွေ(၄)ပတ် (Advent) အချိန်၌ ခရစ္စမတ်ဈေးရောင်းပွဲများတွင် ရောင်းချသော ချောကလက်အပူ(hot chocolate) များမှာ ဝယ်လိုအား ပိုမိုများပြားပြီး အလွန်ထင်ရှားကျော်ကြားကြောင်း သိရသည်။ ထို့ပြင် St. Nicolas ၏ နောက်ဆုံးနေ့အဖြစ် ပွဲတော်ကျင်းပသည့် ဒီဇင်ဘာလ (၆)ရက်တွင် ကလေးများအား ချောကလက်လက်ဆောင်ပေးလေ့ရှိသည့် ဓလေ့လည်းရှိပါသည်။

ယမန်နှစ် (၂၀၂၃ ခုနှစ်) တွင် ဂျာမန်သကြားလုံး/ ချောကလက် ထုတ်လုပ်သည့် လုပ်ငန်းများမှ ချောကလက်တန်ချိန် (၁ ဒသမ ၁၄) သန်းခန့်၊ တန်ဖိုးအားဖြင့် ယူရို (၆ ဒသမ ၅) ဘီလီယံခန့် (အမေရိကန် ဒေါ်လာ(၆ ဒသမ ၈) ဘီလီယံခန့်) ထုတ်လုပ်ခဲ့ရာ ယင်းပမာဏသည် ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်းနှင့် ချောကလက်ရောင်းချရငွေ ကိန်း ဂဏန်းအများအပြားကို တွေ့ရှိရခြင်းသည် ချောကလက်ဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာသော်လည်း ဂျာမန်စားသုံးသူများအနေဖြင့် ယင်းသို့ဈေးနှုန်းမြင့်တက်မှုကိုလက်ခံကာ ဆက်လက်စားသုံးနေကြခြင်းကြောင့်ဖြစ်ကြောင်း Destatis က ဖော်ပြထားပါသည်။

**Source:** https://www.dw.com/en/germany-cant-quit-chocolate-despite-record-high-prices/a-70946527

**စီးပွားရေးသံမှူး၊ ဘာလင်**

## ဟောင်ကောင်နှင့်ဆော်ဒီအာရေဗျ နိုင်ငံတို့အကြား ငွေရေးကြေးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

နှစ်ဖက်အကြား ပြီးခဲ့သည့် သီတင်းပတ်အတွင်း တွေ့ဆုံမှုအပြီး၌ ဟောင်ကောင်နှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ငွေရေးကြေးရေးဝန်ဆောင်မှု ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့် လုပ်ဆောင်ခဲ့ကြောင်း ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာတွင် "Hong Kong and Saudi Arabis Strengthen financial ties" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့ (HKMA) ၏ အမှုဆောင်အရာရှိချုပ် Eddie Yue Wai-man ဆော်ဒီအာရေဗျနိုင်ငံ ဗဟိုဘဏ် (SAMA) ဥက္ကဋ္ဌ Ayman al-Sayari တို့သည် ယခင်နှစ်တွေ့ဆုံမှု၏ နောက်ဆက်တွဲတွေ့ဆုံမှုအဖြစ် ဒီဇင်ဘာလ ၅

ရက်နေ့တွင်တွေ့ဆုံခဲ့ပြီး ငွေရေးကြေးရေးကဏ္ဍ၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ကြီးကြပ်မှုနည်းပညာချမှတ်ကျင့်သုံးခြင်းနှင့်ရင်းနှီးမြှုပ်နှံမှုအမြင်တို့နှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ထိုသို့တွေ့ဆုံချိန်တွင် ငွေရေးကြေးရေးတည်ငြိမ်မှု၊ Data analyses၊ ငွေရေးကြေးရေးကဏ္ဍ ဆန်းသစ်တီထွင်မှုနှင့် ငွေပေးချေမှု စနစ်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာရှိသည့် နယ်ပယ်များဖော်ထုတ်ရှာဖွေရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်းနှင့် SAMA အနေဖြင့် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့၏ အတွေ့အကြုံနှင့် မူဝါဒဆိုင်ရာ အသိအမြင်များ ဖလှယ်ခြင်းခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန်မျှော်လင့်သည်ဟု SAMA က ပြောဆိုခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

မကြာသေးသောနှစ်များအတွင်း ဟောင်ကောင်ဒေသနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ပေါင်းစပ်ဆက်သွယ်မှု တိုးတက်လာပြီး SAMA နှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်မျှော်လင့်သည်ဟု ဟောင်ကောင်ဒေသ ငွေကြေးအာဏာပိုင်အဖွဲ့ အကြီးအကဲက ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ရေနံနှင့်အိမ်ရာအဆောက်အဦကဏ္ဍကဲ့သို့ သမားရိုးကျမဏ္ဍိုင်များအပေါ် မှီခိုမှုလျှော့ချပြီး ဟောင်ကောင်ဒေသနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ငွေရေးကြေးရေးကဏ္ဍ ဆန်းသစ်တီထွင်မှု စီမံချက်များနှင့် fintech တိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ပြီးခဲ့သည့်ဇူလိုင်လတွင် နှစ်ဖက်သဘောတူညီခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဆော်ဒီအာဗျနိုင်ငံသည် Vision ၂၀၃၀ စီမံချက်အရ အခြေခံအဆောက်အဦ စီမံကိန်းများစတင်ခြင်းဖြင့် ရေနံမှရရှိသော ဝင်ငွေအပေါ် မှီခိုနေမှုကို လျှော့ချသွားမည်ဖြစ်သောကြောင့် ဟောင်ကောင်ဒေသအခြေစိုက် တည်ထောင်စလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်ဟု လေ့လာသူများက ပြောဆိုကြကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့။**

## ထိုင်းနိုင်ငံနှင့်ယူကေနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးလျက်ရှိ

ထိုင်းနိုင်ငံနှင့် ယူကေနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောစာချုပ်အောက်မှ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကိုတိုးချဲ့ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E Mr. Mark Gooding နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Picahi Naripthaphan တို့ ဒီဇင်ဘာလ ၄ ရက်နေ့ကတွေ့ဆုံခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးခိုင်မာစေရေးနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဓိကဆွေးနွေးခဲ့ကြောင်း၊ ဝန်ကြီးအဆင့်အစည်းအဝေးဖြစ်သည့် စီးပွားရေးနှင့်ကုန်သွယ်ရေးပူးတွဲကော်မတီ (Joint Economic and Trade Committee–Jetco) မှတစ်ဆင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန် နှစ်ဖက်ကတိကဝတ်ရှိပါကြောင်း၊ ထိုင်း–ယူကေ Jetco နည်းလမ်းသည် စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင်ကောင်းတစ်ခုမြှင့်တင်ရန်နှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို စိုက်ပျိုးရေး၊ အစားအစာ၊ အဖျော်ယမကာနှင့်ခရီးသွားလုပ်ငန်းများကိုလွှမ်းခြုံသော Enhanced Trade Partnership မူဘောင်အောက်မှ လွယ်ကူချောမွေ့စေရန်ဖြစ်ကြောင်း ဝန်ကြီး H.E Mr. Picahi Naripthaphan က ပြောကြားခဲ့ပါသည်။

ထိုင်း–ယူကေ Jetco ၏ ဒုတိယအကြိမ်အစည်းအဝေးကို လာမည့်နှစ် သံတမန်ဆက်ဆံရေး နှစ် ၁၇၀ ပြည့် နှစ်ပတ်လည် အခမ်းအနားတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ခိုင်မာသော ကုန်သွယ်ရေးမိတ်ဖက်ဆက်ဆံရေးသည် နှစ်နိုင်ငံ FTA ညှိနှိုင်းဆွေးနွေးမှုအတွက် အခြေခံဖြစ်ကြောင်း၊ FTA တည်ထောင်ပြီးပါက ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးအတွက် ခြေလှမ်းစတင်ပြီးဖြစ်ကြောင်း၊ အီလက်ထရောနစ်အချက်အလက်ဆောင်ရွက်ခြင်း၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာ စက်မှုပို့ကုန်များတွင် နိုင်ငံခြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ကူညီပေးလျက်ရှိပါကြောင်း၊ OECD အဖွဲ့ဝင်ဖြစ်နိုင်ရေးအတွက် ယူကေ၏ထောက်ပံ့မှုကို ကျေးဇူးတင်ပါကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး

အဓိကပို့ကုန်များမှာ ပြုပြင်ပြီးကြက်သား၊ ယန္တရားများ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာများ၊ မော်တော်ဆိုင်ကယ်များနှင့် ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

## STOCK EXCHANGE (12.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,485 (Shares) | 9,468,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 135 | 1,134,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 258 | 820,550 | 38,929,150 | 124,573 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 11 | 90,300 | 10,400,986 | 85,288 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 911 | 1,740,950 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 265 | 795,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 730 | 1,241,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | -100 | -2.22% | 4,400 | 4,400 | 4,400 | 3 | 13,200 | 10,497,598 | 46,189 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 1,172 | 3,633,200 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 11th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.40 | -2.99 | -0.76% | 391.47 | 391.95 | 390.69 | 3,485 | 9,468,200 | 8 | 738,243 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:30 am, 12th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,518 (Shares) | 5,468,600 (MMK) |

| MYANPIX | 387.52 ▼ 3.88 |
|---|---|
| Total Volume (shares) | 1,518 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 730,939 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,300 | ▼ 100 |
| MAEX | 00008 | 3,100 | ▲ 0 |